# သူရှင် - ကိုယ်ရှင်

ဒီလိုဗျာ
ကျနော်တို့ချည်း အနှစ် - ၂၀
တချို့ - အနှစ် - ၇၀
တချို့ - အနှစ် - ၆၀။

ဒီလိုဗျာ
ပဒေသရာဇ် ခေတ်မှာလည်း
အရှင်မင်းကြီး ဩဇာထူထောင်ဖို့အတွက်
နယ်မြေလုဖို့အတွက်
တိုက်ခဲ့ရတဲ့ ပဒေသရာဇ် စစ်ပွဲ။
ကိုလိုနီခေတ်မှာလည်း
ကိုယ့်တိုင်းပြည်ကိုယ်ပြန်ရဖို့အတွက်
ခေတ်ဦး သူပုန်သူကန်တွေကနေ
ဗိုလ်တေဇတို့ တပ်မတော်ဖွဲ့ပြီးတိုက်တဲ့အထိ
တိုက်ခဲ့ရတဲ့ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲ။
လွတ်လပ်ပြီးခေတ်မှာလည်းပဲ
လွတ်လပ်ရေးရပြီးကတည်းက
လူမျိုးစုံတန်းတူရေးအတွက်
ဒီမိုကရေစီရေးအတွက်
တိုက်ခဲ့ရတဲ့ ပြည်တွင်းစစ်။

စစ် ...
စစ် ...
စစ် ...
အဲဒီစစ်တွေနဲ့ပဲ
နစ်နေရတဲ့
ကျနော်တို့ တိုင်းပြည်နဲ့ ကျနော်တို့ ပြည်သူတွေ
ဓါးသံ မြားသံကနေ
ဗုံးသံ သေနတ်သံအထိ
စစ်မတိုက်ပဲနေရတဲ့ ခေတ်ဆိုတာရော ရှိသေးရဲ့လား
ကျနော်တို့ပြည်သူတွေ နားနားနေနေ နေခဲ့ရသေးလို့လား
သူရှင် - ကိုယ်ရှင်။

အတ္တဘာဝနဲ့ ပကတိဘာဝ ပေါင်းစုံတဲ့အခါ
တော်လှန်ရေးကို ရှေ့တွန်းတင်လို့ရသတဲ့
တော်လှန်ရေး အောင်ပွဲခံသတဲ့
၈၈၈၈
မေ - ၉၀
ဂန္ဓီခန်းမ
လမ်းလျှောက်ပွဲ
ရွှေဝါရောင်
ထားပါတော့
သူရှင် - ကိုယ်ရှင်။

စီးပွားရေးပိတ်ဆို့တာ တို့မမှုပါ
သယံဇာတတွေ ပေါတဲ့မြေ
ထားလိုက်ပါတော့
ခင်ဗျားတို့လည်း အလုပ်မဖြစ်ခဲ့ပါဘူး
သူရှင် - ကိုယ်ရှင်။

ဒီပဲယင်းအပြီးမှာ
တဖက်က
ဒီမိုကရေစီ လမ်းပြမြေပုံဆိုတာကြီးကို တင်ပြပြီး
တဖက်က
အဆင့်တိုင်းမှာ တိုက်ဖျက်သွားမယ်လို့ တင်ပြတယ်
ထားလိုက်ပါတော့
သူရှင် - ကိုယ်ရှင်။

ဒေါ်အောင်ဆန်းစုကြည်
ကိုမင်းကိုနိုင်
ကိုကျော်ကိုကို
နရသိမ်ထဲက သူရဲကောင်းတွေ
အလံမလှဲစတမ်း။

ဘယ်သူ့ကိုမှ လျှော့ပေးဖို့တောင်းဆိုစရာမလိုဘူး
ဘယ်သူက လျှော့ပေးလိုက်ပါလို့လည်း စာပြစရာမလိုဘူး
ဘယ်သူကမှ ဘယ်သူ့ရဲ့မှ လက်အောက်ခံလည်း မဟုတ်ဘူး
လွတ်လပ်
ပွင့်လင်း
တန်းတူ
ချစ်ကြည်
သူရှင် - ကိုယ်ရှင်။

၂၀၁၀ မှာ
အရေးတကြီးလိုအပ်နေတာက
ရွေးကောက်ပွဲလား
တွေ့ဆုံဆွေးနွေးပွဲလား
သူရှင် - ကိုယ်ရှင်။

၃ - ပွင့်ဆိုင်လည်းရှိတယ်
ခြေလှမ်း ၃ - လှမ်းလည်းရှိတယ်
ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတော့
သင်ပုန်းချေရေးတဲ့
တို့တိုင်းပြည်ထဲက တို့လူတွေပဲ
တို့အချင်းချင်းပဲ
သင်ပုန်းချေကြမယ်
သူရှင် - ကိုယ်ရှင်။

မြူကလီးယားကိုပဲ အာရုံစိုက်မနေနဲ့



အနီးခေတ်မှာ လှမ်းကြည့်စရာ
အာဖဂန် ရှိတယ်
အီရတ် ရှိတယ်
ဘယ်နိုင်ငံခြားသားတပ်ကိုမှ
ဗမာပြည်နယ်နိမိတ်ထဲ
ခြေချခွင့်မပေးနိုင်ဘူး
ကိုယ့်ကိစ္စ ကိုယ်ရှင်းကြမယ်
သူရှင် - ကိုယ်ရှင်။

စစ်တိုက်ဖူးတဲ့သူပဲ
စစ်ရဲ့ အနိဋ္ဌာရုံကိုသိတယ်
ငါဟာ
လက်နက်ကိုင်တော်လှန်ရေးသမားဖြစ်တယ်
အာဃာတတွေ ခဝါချကြမယ်
သူရှင် - ကိုယ်ရှင်။

ညိုထက် (လမ်းသစ်ဦး)